Message seven

# ဒါဝိဒ်သည် ရောက်လာမည့်ဘုရားသခင့်နိုင်ငံတော်၏ဘုရင် – စစ်မှန်သောဒါဝိဒ် ခရစ်တော်ကို ပုံဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ရှမွေ၊ ၂၁း၁–၆။ ၂ရှမွေ၊ ၇း၁၆။ ၂၃း၁–၇။ အာမုတ်၊ ၉း၁၁–၁၂။ မဿဲ၊ ၁း၆။ ၁၂း၁–၄

## I. ဒါဝိဒ်သည် စစ်မှန်သောဒါဝိဒ် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် – ၁ရှမွေ၊ ၂၁း၁–၆။ ၂ရှမွေ၊ ၂၃း၁–၇။ မဿဲ၊ ၁၂း၁–၄။

က။ ဒါဝိဒ်သည် ဓမ္မဟောင်းကျမ်းတွင် ထင်ရှားအပေါ် လွှင်ဆုံးသော ခရစ်တော်၏ ပုံစံဖြစ်ပြီး အချိန်အကြာဆုံးကာလကို လွှမ်းခြုံထားသည်။ ဓမ္မသစ်ကျမ်းကလည်း ဒါဝိဒ်သည် ခရစ်တော်ကို ပုံဆောင်ခြင်း ဖြစ်ကြောင်းကို ရှင်းလင်းစွာ ဖွင့်ပြထားသည် – မဿဲ၊ ၁၂း၃။

ခ။ မဿဲ ၁၂၌မြင်တွေ့ရသည့် အလေ့အလာကို စောင့်ထိန်းခြင်း၌ ခရစ်တော်သည် ခပ်သိမ်းသောပုံစံ၊ ခပ်သိမ်းသော အရာများအားလုံးနှင့် ပုဂ္ဂိုလ်များအားလုံးထက် ကြီးမြတ်သည်ဖြစ်၍ ဓမ္မဟောင်းကျမ်း၌ ခရစ်တော်ကို ကြီးမြတ်ဆုံးသော ဒါဝိဒ်အဖြစ် ပုံဆောင်ထားသည်။

၁။ မဿဲ ၁၂း၃–၄၌ရှိသော သခင်ဘုရား၏ စကားတော်မှာ ကိုယ်တော်သည် စစ်မှန်သောဒါဝိဒ်ဖြစ်ကြောင်းကို ညွှန်ပြနေခြင်းဖြစ်သည်။

က။ ဒါဝိဒ်တွင် နောက်လိုက်များရှိ၍ ခရစ်တော်၊ စစ်မှန်သောဒါဝိဒ်သည်လည်း ကိုယ်တော်၏ နောက်လိုက်များဖြစ်ကြသော တပည့်တော်များရှိသည်။

ခ။ ဤအရာများအားလုံးမှာ ဒါဝိဒ်နှင့် သူ၏ နောက်လိုက်များသည် ခရစ်တော်နှင့် ကိုယ်တော်၏ တပည့်တော်များ၏ ပုံစံ၊ ရှေ့ပြေးပုံစံဖြစ်ကြောင်းကို ညွှန်ပြနေခြင်းဖြစ်သည်။

၂။ မဿဲ ၁၂း၃–၄၌ရှိသော သခင်ဘုရား၏ စကားတော်သည်လည်း ယဇ်ပုရောဟိတ်အရိုက်အရာမှ ဘုရင်အရိုက်အရာသို့ ခေတ်ကာလပြောင်းလဲသွားခြင်းကို ညွှန်ပြနေခြင်းဖြစ်သည်။

က။ ဒါဝိဒ်၏ ရောက်လာခြင်းသည် ယဇ်ပုရောဟိတ်များအထက်တွင် ဘုရင်များရှိသည့်ခေတ် ယဇ်ပုရောဟိတ်များခေတ်မှ ဘုရင်များခေတ်သို့ ခေတ်ကာလပြောင်းလဲသွားစေသည်။

ခ။ ခရစ်တော်ရောက်လာခြင်းအားဖြင့် ခေတ်ကာလသည်လည်း ပြောင်းလဲသွားခဲ့သည်၊ ဤအချိန်တွင် ခရစ်တော်သည် အရာအားလုံးအပေါ် ၌ အုပ်စိုးသည့် ပညတ်တရားခေတ်မှ ကျေးဇူးတော်ခေတ်သို့ ပြောင်းလဲသွားခဲ့သည်။

ဂ။ မဿဲ ၁း၆၌ ဒါဝိဒ်ကို "ဘုရင်"ဟုခေါ်ခြင်းမှာ သူ့အားဖြင့် ဘုရင်အရိုက်အရာနှင့်အတူ နိုင်ငံတော်ကို ယူဆောင်လာသောကြောင့် ဖြစ်သည်။ သူသည် ခေတ်ကာလနှစ်ခု၏ မှတ်တိုင်ဖြစ်၍ ခေတ်တစ်ခေတ်၏ နိဂုံးနှင့် အခြား ခေတ်တစ်ခု၏ အစဖြစ်သည်။

ဂ။ ဒါဝိဒ်သည် ဆာလံ ၂၂၊ ၁၀၉နှင့် ၁၁၀၌ဖွင့်ပြထားသည့် ဆင်းရဲဒုက္ခခံသောခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။

၁။ ဆာလံ ၂၂၌ ဆင်းရဲဒုက္ခခံသော ဒါဝိဒ်သည် ကိုယ်တော်၏ သေခြင်းကို ဖြတ်ကျော်ခဲ့သည် ဆင်းရဲဒုက္ခခံသော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်ကို ကျွန်ုပ်တို့ မြင်ရသည်– အငယ်၊ ၁က၊ ၆–၂၁။

၂။ ဆာလံ ၁၀၉သည် ဒါဝိဒ်၏ ဆင်းရဲဒုက္ခခံခြင်းများနှင့်ပတ်သက်၍ ပူဇော်ထားသော ဆုတောင်းခြင်း ဖြစ်သည်။

က။ ဤနေရာရှိ ဒါဝိဒ်သည် ခရစ်တော်၏ ပုံစံဖြစ်၍ ဒါဝိဒ်၏ ဆင်းရဲဒုက္ခခံခြင်းများသည် ခရစ်တော်၏ ဆင်းရဲဒုက္ခခံခြင်းများကို ပုံဆောင်ခြင်းဖြစ်သည်။

ခ။ ဒါဝိဒ်သည် သူ၏ ဆင်းရဲဒုက္ခခံခြင်းများနှင့် စပ်လျဉ်းသည့် ဆုတောင်းခြင်းသည် ခရစ်တော်၏ ဆုတောင်းခြင်းကို ပုံဆောင်ခြင်း ဖြစ်သည်။

၃။ ဆာလံ ၁၀၉၌ရှိသော ဆုတောင်းခြင်းကို ဆာလံ ၁၁၀၌ အဖြေပေးထားသည်။

က။ ဆာလံ ၁၁၀သည် ဆာလံ ၁၀၉တွင် ခရစ်တော်၏ ပုံစံအနေဖြင့် ဒါဝိဒ်၏ ဆုတောင်းခြင်းကို အဖြေပေးသောကြောင့် ဆာလံ ၁၁၀ကို ခရစ်တော်၏ ဆုတောင်းခြင်း၏ အဖြေအဖြစ် မှတ်ယူသင့်သည် –ဟေဗြဲ၊ ၅း၇။

ခ။ ဘုရားသခင်သည် ဤဆုတောင်းခြင်းကို ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအားဖြင့်သာမဟုတ်ဘဲ ခရစ်တော်၏ တတ်ကြွခြင်းအားဖြင့်လည်း အဖြေပေးခဲ့ခြင်း ဖြစ်သည် –တ၊ ၂း၂၃–၂၄၊ ၃၂–၃၃။ ၅း၃၁။

ဃ။ ဒါဝိဒ်သည် နောက်ဆုံးသော နှုတ်ကပတ်တော်၌ရှိသည့် ခရစ်တော်ကိုလည်း ပုံဆောင်သည် – ၂ရှမွေ၊ ၂၃း၁–၇။

၁။ ခရစ်တော်၏ပုံစံဖြစ်သော ဒါဝိဒ်သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဖြင့် လူများအကြားတွင် ဖြောင့်မတ်စွာ အုပ်စိုးသည် –အငယ်၊ ၃ခ။

၂။ ခရစ်တော်၏ပုံစံဖြစ်သော ဒါဝိဒ်သည် မိုးတိမ်မရှိဘဲ နေထွက်လာသောအခါ နံနက်ခင်း၏ အလင်းရောင်ကဲ့သို့ဖြစ်သည် –အငယ်၊ ၄က။

၃။ ခရစ်တော်သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဖြင့် လူများအကြားတွင် ဖြောင့်မတ်စွာအုပ်စိုးသောအခါ ကိုယ်တော်သည် နေထွက်သောအခါ နံနက်ခင်း၏ အလင်းကဲ့သို့ဖြစ်သည် "မိုးရွာပြီးမှ နေပေါ်ထွန်းသဖြင့် မြေ၌ ပေါက်သောမြက်နုကဲ့သို့လည်းကောင်း ဖြစ်၏"– အငယ်၊ခ။

## II. ဘုရင်ဖြစ်သော ဒါဝိဒ်သည် ဘုရင်ဖြစ်သော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်– ၁ရှမွေ၊ ၁၆း၁၂။ ၂ရှမွေ၊ ၁၆း၅–၆။ မ၊ ၁း၆။ ၂း၂။ ၂၇း၁။ ဗျာ၊ ၁၉း၁၆။

က။ ဘုရင် ဒါဝိဒ်သည် ဘုရားသခင်အားဖြင့် ထွက်ပေါ်စေသော ဘုရင်၊ စစ်တိုက်သောဘုရင်နှင့် လူများအားဖြင့် မထီမဲ့မြင်ပြုခြင်းခံရကာ ငြင်းပယ်ခြင်းခံရသော ဘုရင်ဖြစ်သော ရောက်လာမည့် ဘုရားသခင့်နိုင်ငံတော်၏ဘုရင် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်– ၁ရှမွေ၊ ၁၆း၁၂။ ၂ရှမွေ၊ ၁၆း၅–၆။

၁။ ဒါဝိဒ်အားဖြင့် ပုံဆောင်ခြင်းခံရသော ခရစ်တော်သည် ကိုယ်တော်၏ရန်သူများအားလုံးအပေါ် အောင်နိုင်သောသူ၊ မြေကိုရယူသောသူနှင့် ဘုရားသခင်၏ ဗိမာန်တော်တည်းဟူသော အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ပစ္စည်းများအားလုံးကို ပြင်ဆင်သောသူဖြစ်သည့် တိုက်ခိုက်သော ဘုရင်ဖြစ်သည်– ၁ရာ၊ ၂၁း၂၂–၂၅။ ၂၉း၂၉။

၂။ ခရစ်တော်သည် မြေကြီးကို သိမ်းပိုက်ပြီးနောက် ကိုယ်တော်သည် နိုင်ငံတော်၌ ဘုရင်အဖြစ် မြေကြီးပေါ်တွင် စိုးစံလိမ့်မည်ဖြစ်ကာ၊ ကိုယ်တော်၏အောင်မြင်သောသူများနှင့်အတူ တိုင်းလူမျိုးများအပေါ် အုပ်စိုးလိမ့်မည်ဖြစ်သည်– ဗျာ၊ ၂၀း၄၊ ၆း ၂း ၂၆–၂၇။

၃။ ရောက်လာမည့် ဘုရင်အနေဖြင့် ခရစ်တော်သည် မိလေနီခေတ် ရောက်လာမည့် ဘုရားသခင့်နိုင်ငံတော်၏ ဦးခေါင်းတော်နှင့်အလယ်ဗဟို ဖြစ်လိမ့်မည် ဖြစ်သည်။ ဤသည်မှာ ဟေရှာယ၊ ၃၂း၁၊ ယေရမိ၊ ၂၃း၅နှင့် ဇာခရိ ၁၄း၉နှင့် ၁၇၏ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်လိမ့်မည် ဖြစ်သည်။

ခ။ ပရောဖက်များသည် ဒါဝိဒ်နှင့် ခရစ်တော်ကို တစ်ဦးတည်းအဖြစ် ပြောဆိုခဲ့ကြသည်– ယေရမိ၊ ၃၀း၉။ ယေဇ၊ ၃၄း၂၃–၂၄။ ၃၇း၂၄–၂၅။ ဟောရှေ၊ ၃း၅။ အာမုတ်၊ ၉း၁၁။

၁။ "သူတို့သည် သူတို့၏ ဘုရားသခင် ယေဟောဝါကိုလည်းကောင်း၊ သူတို့အဖို့ ငါပေါ်ထွန်းစေလတံ့သော သူတို့၏ရှင်ဘုရင် ဒါဝိဒ်ကို လည်းကောင်း အစေခံရကြမည်"– ယေရမိ၊ ၃၀း၉။

၂။ ဤအရာသည် စစ်မှန်သော ဒါဝိဒ်နှင့် မိလေနီကာလဖြစ်သည့် ပြန်လည်ပြုပြင်ခြင်း၌ ဘုရင်ဖြစ်မည့်သူ ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်– ဟေရှာ၊ ၃၂း၁။ ဗျာ၊ ၂၀း၄၊ ၆။

၃။ "သိုးထိန်းတစ်ဦးတည်းဟူသော ငါ၏ကျွန်ဒါဝိဒ်ကို ငါခန့်ထား၍ သူသည် သူတို့ကို ကျွေးမွေးလိမ့်မည်။ သူသည် သူတို့ကို ကျွေးမွေး၍ သူတို့၏သိုးထိန်းဖြစ်လိမ့်မည်။ ––– ငါ၏ကျွန်ဒါဝိဒ်သည်လည်း သူတို့အလယ်၌ မင်းသားဖြစ်ရလိမ့်မည်"– ယေဇ၊၃၄း၂၃–၂၄။

က။ ဒါဝိဒ်သည် ဘုရားသခင့်သိုးစု၏ စစ်မှန်သော သိုးထိန်း၊ ကျွန်ုပ်တို့ကို ကျွေးမွေး၍ ကျွန်ုပ်တို့ကို ဖြည့်ခြင်းခံစေခြင်းနှင့် ကျေနပ်နှစ်သိမ့်စေသည် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်– ယော၊ ၁၀း၁၁။ ဟေဗြဲ၊ ၁၃း၂၀။ ဟေရှာ၊ ၉း၇။ ဟောရှေ၊ ၃း၅။ မိ၊ ၅း၂။ လု၊ ၁း၃၂–၃၃။

ခ။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ဂရုစိုက်ရန် သိုးထိန်းအဖြစ် ရောက်လာသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အုပ်စိုးရန် ဘုရင်အဖြစ်လည်း ရောက်လာသည်။ ကျွန်ုပ်တို့၏ သိုးထိန်းအဖြစ် သခင်ဘုရားသည် ကျွန်ုပ်တို့အဖို့ ဂရုစိုက်ရန် ရောက်လာခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘုရင်အဖြစ် ကိုယ်တော့်ကို နာခံ၍ ကျွန်ုပ်တို့အတွင်း၌ရှိသည့် ကိုယ်တော်၏ ဘုရင်အရိုက်အရာနှင့် ကိုယ်တော်၏ ပလ္လင်တော်အောက်တွင် ရောက်လာကြသည်။

၄။ "ငါ၏ ကျွန်ဒါဝိဒ်သည် သူတို့၏ ရှင်ဘုရင်ဖြစ်၍၊ ထိုသူအပေါင်းတို့သည် သိုးထိန်းတစ်ပါးတည်းရှိကြလိမ့်မည်"– ယေဇ၊ ၃၇း၂၄။

က။ ဤအရာသည် စစ်မှန်သော ဒါဝိဒ်ဖြစ်သည့် ကျွန်ုပ်တို့၏ သိုးထိန်း ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။

ခ။ အစ္စရေးလူမျိုးများနှင့် ဆက်နွှယ်ပြီး ဤနေရာရှိ ပရောဖက်ပြုချက်သည် မိလေနီ၊ ပြန်လည်ပြုပြင်ခြင်းခေတ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်၍ ထာဝရကာလ၌ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ပြီးပြည့်စုံလိမ့်မည် ဖြစ်သည်။

၅။ ''ထို့နောက်မှ အစ္စရေးအမျိုးသားတို့သည် ပြန်လာ၍၊ သူတို့ဘုရားသခင်ယေဟောဝါကိုလည်းကောင်း၊ သူတို့ရှင်ဘုရင် ဒါဝိဒ်ကိုလည်းကောင်း ရှာ၍၊ နောက်ဆုံးသောနေ့ရက်များ၌ ကိုယ်တော်၏ ကောင်းမြတ်ခြင်းကို ခံအံ့သောငှာ၊ ယေဟောဝါ ထံတော်သို့ ကြောက်ရွံ့လျက် လာကြလိမ့်မည်''– ဟောရှေ၊ ၃း၅။

က။ သူတို့၏ ဘုရင်ဒါဝိဒ်သည် မိလေနိကာလ၌ ခရစ်တော်ဖြစ်သည်။

ခ။ နောက်ဆုံးသောနေ့ဆိုသည်မှာ ပြန်လည်ပြုပြင်ခြင်းခေတ်ကို ရည်ညွှန်းခြင်း ဖြစ်သည်– မ၊ ၁၉း ၂၈။

၈။ သခင်ဘုရား၏ ရောက်လာမည့် စိုးစံခြင်း၌ ဘုရားသခင်၏ အခွင့်အာဏာနှင့် ဘုန်းတော်သည် ပြည့်ဝစွာ ကိုယ်ထင်ရှားလိမ့်မည် ဖြစ်၍ လူများနှင့်အတူ မြေကြီးတစ်ပြင်လုံးသည် ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ဘုရားသခင့်ဖန်ဆင်း ခြင်း၏ပြည့်ဝသော ကောင်းချီးမင်္ဂလာအထဲသို့ ခေါ် ဆောင်ခြင်းခံရလိမ့်မည် ဖြစ်သည်– ဗ်း၁၃။ ဟေရှာ၊ ၃၂း၁၊ ၁၆–၁၈။ ၃၅း၁–၂၊ ၅–၇။

## III. ဒါဝိဒ်၏နိုင်ငံတော်သည် ခရစ်တော်၏ရောက်လာမည့် နိုင်ငံတော်ကို ပုံဆောင်ခြင်းဖြစ်သည်– ၂ရှမွေ၊ ၇း၁၂၊ ၁၆။ မာ၊ ၁၁း၁၀။ ဗျာ၊ ၁၁း၁၅။

က။ ပရောဖက် နေသန်အားဖြင့် ယေဟောဝါသည် ဒါဝိဒ်အား ''သင်၏ အိမ်နှင့် သင်၏နိုင်ငံတော်သည် ငါ့ရှေ့မှာ အစဉ်အမြဲ တည်လိမ့်မည်။ သင်၏ရာဇပလ္လင်သည်လည်း အစဉ်အမြဲ တည်လိမ့်မည်ဟု မိန့်တော်မူ၏''ဟူ၍ ပြောဆိုခဲ့သည်– ၂ရှမွေ၊ ၇း၁၆။

၁။ ဒါဝိဒ်၏ အိမ်သည် ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်၍၊ ဒါဝိဒ်၏ နိုင်ငံတော်သည် ခရစ်တော်၏ နိုင်ငံတော်ကို ရည်ညွှန်းခြင်း ဖြစ်၍၊ ဒါဝိဒ်၏ ပလ္လင်သည် ခရစ်တော်၏ ပလ္လင်တော်ကို ရည်ညွှန်းခြင်း ဖြစ်သည်–အငယ်၊ ၁၆။

၂။ ဒါဝိဒ်၏ နိုင်ငံတော်သည် ခရစ်တော်၏ နိုင်ငံတော်ဖြစ်၍ ဒါဝိဒ်နှင့် ခရစ်တော်သည် ပလ္လင်တစ်ခုသာရှိသည်– ဟေရှာ၊ ၉း၇။ ၁၆း၅။ လု၊ ၁း၃၂။ တ၊ ၂း ၂၉–၃၁။

၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကောင်းကင်တမန် ဂါဗြေလအားဖြင့် သိစေ၍၊ ဒါဝိဒ်၏ ပဋိညာဉ်တရားသည် ခရစ်တော်၌ ပြည့်စုံလိမ့်မည် ဖြစ်ကြောင်းကိုလည်း အတည်ပြုထားသည်– လု၊ ၁း၃၂–၃၃။

၄။ ဘုရားသခင်သည် ဒါဝိဒ်အား သူ၏ အိမ်တော်နှင့် နိုင်ငံတော်ကို တည်စေ၍ သူ၏ ရာဇပလ္လင်ကို ထာဝရတည်စေမည်ဟူ သော ကတိတော်သည် ခရစ်တော်၌ပြည့်စုံခဲ့သည်။

၅။ ခရစ်တော်သည် ယာကုပ်၏ အိမ်တော်အပေါ် ထာဝရအုပ်စိုးရန် ဘုရားသခင်သည် ဒါဝိဒ်အားကတိတော်ပေးထားသည့် အတိုင်း ဒါဝိဒ်၏ ပလ္လင်ကို အမွေခံရလိမ့်မည် ဖြစ်၍ ကိုယ်တော်၏ နိုင်ငံတော်သည် အဆုံးရှိလိမ့်မည် မဟုတ်ပါ– အငယ်၊ ၁း၃၂–၃၃။

က။ လာမည့်ခေတ်၌ မိလေနိနိုင်ငံတော်၏ မြေကြီးပိုင်းဆိုင်ရာသည် မဿဲ ၁၃း၄၁၌ရှိသော လူသားတော်၏ နိုင်ငံတော် ဟုခေါ် သည့် မေရှိယနိုင်ငံတော်၌ ဖြစ်လိမ့်မည် ဖြစ်သည် (ဗျာ၊ ၁၁း၁၅)။

ခ။ ဤအရာသည် အစ္စရေး၏ ပြန်လည်ပြုပြင်သော နိုင်ငံတော် (တ၊ ၁း၆)၊ သခင်ဘုရားပြန်လည် တည်ဆောက်မည့် ဒါဝိဒ်၏ တဲတော်၊ ဒါဝိဒ်၏ နိုင်ငံတော်ဖြစ်လိမ့်မည် ဖြစ်သည် (၁၅း၁၆။ မာ၊ ၁၁း၁၀)။

ခ။ အာမုတ်က ဘုရင်တည်းဟူသော ခရစ်တော်သည် ''ကျဆင်းသွားသော ဒါဝိဒ်၏ တဲတော်''ကို တည်ဆောက်လိမ့် မည်ဟူ၍ ပရောဖက်ပြုခဲ့သည်– အာမုတ်၊ ၉း၁၁။

၁။ ဒါဝိဒ်၏ တဲတော်သည် ဒါဝိဒ်၏ နိုင်ငံတော်ဖြစ်၍ ဒါဝိဒ်၏ တော်ဝင်မိသားစု ဖြစ်သည်– ၂ရှမွေ၊ ၇း၁၂၊ ၁၆။

၂။ ထိုနိုင်ငံတော်၊ ထိုတော်ဝင်မိသားစုသည် နေဗုခဒ်နေဇာသည် အစ္စရေးလူမျိုးများကို ဖမ်းဆီးရန်၊ မြေကိုဖျက်ဆီးရန်၊ မြို့မီးရှို့ရန်၊ ဗိမာန်တော်ကို ဖျက်ဆီးရန်နှင့် ဘုရင်ကို ဖမ်းဆီးရန်ရောက်လာသောအခါ ပြိုလဲသွားသည်– ၂ဘုရင်၊ ၂၅း၁–၂၁။

၃။ အာမုတ်၏ ပရောဖက်ပြုချက်၌ ဘုရားသခင်က တစ်နေ့တွင် ဒါဝိဒ်၏ နိုင်ငံတော်နှင့် ဒါဝိဒ်၏ မိသားစုသည် ပြန်လည်ရယူ ခြင်းခံရ၍ လူမျိုးအပေါင်းတို့သည် ယေဟောဝါ၏ နာမအားဖြင့် ခေါ်ခြင်းခံရလိမ့်မည် ဖြစ်ကြောင်း ကတိတော်ပေးထား သည်– အာမုတ်၊ ၉း၁၁–၁၂။

၄။ ဤပုရောဖက်ပြုချက်မှာ ခရစ်တော်သည် စစ်မှန်သော ဒါဝိဒ်ဖြစ်ရန်ပြန်လာလိမ့်မည် ဖြစ်၍(ဟေရှာ၊၉း၇။ ၁၆း၅။ ယေရမိ၊ ၃၀း၉။ ယေဇ၊ ၃၄း၂၃–၂၄။ ၃၇း၂၄–၂၅။ ဟောရှေ၊ ၃း၅)၌ စကြဝဠာတစ်ခုလုံးကို ပြန်လည်ပြုပြင်ခြင်းအတွက် ကိုယ်တော်၏ ဘိုးဘေးဖြစ်သော ဒါဝိဒ်၏ နိုင်ငံတော်ကို ပြုပြင် ပြန်လည်တည်ဆောက်လိမ့်မည် ဖြစ်သည်။

၅။ ထိုအချိန်တွင် ဒါဝိဒ်၏ နိုင်ငံတော်သည် ထာဝရကာလ၌ ခရစ်တော်၏ နိုင်ငံတော်နှင့် ဘုရားသခင်၏ နိုင်ငံတော် ဖြစ်လာလိမ့် မည်ဖြစ်သည်– ဗျာ၊ ၁၁း၁၅။

၆။ ပြန်လည်ပြုပြင်သောနိုင်ငံတော်၌ လူမျိုးအပေါင်းတို့သည် ဘုရားသခင်အပိုင်ဖြစ်လိမ့်မည် ဖြစ်၍ ယေဟောဝါ၏နာမအားဖြင့် ခေါ်ခြင်းခံရလိမ့်မည် ဖြစ်သည်– အာမုတ်၊ ၉း၁၂။ သခင်ဘုရားသည် ဒါဝိဒ်၏ပလ္လင်တော်ပေါ်တွင် ထိုင်၍ ဂျူးလူမျိုးဖြစ်သော ယာကုပ်အပေါ်တွင် စိုးစံလိမ့်မည် ဖြစ်ကာ (လု၊ ၁း၃၂–၃၃)ကိုယ်တော်သည် မိလေနိကာလတွင် မြေကြီးပေါ်ရှိ လူမျိုးများအပေါ် အုပ်စိုးလိမ့်မည် ဖြစ်သည် (ဆာလံ၊ ၂း၈။ ၇၂း၈။ ဒံ၊ ၇း၁၄။ ၂း၃၅)။

© 2021 Living Stream Ministry